Accountability to Affected Populations and Community Engagement Working Group, Myanmar

ဘေးဒဏ်ခံပြည်သူများအား တာဝန်ယူခြင်း၊တာဝန်ခံခြင်းနှင့် ပြည်သူလူထုအခြေပြု လက်တွဲဆောင်ရွက်ရေးလုပ်ငန်းအဖွဲ့၊ မြန်မာ

# စစ်ကိုင်းငလျင် (၂၀၂၅ ခုနှစ်၊ မတ်လ) ဘေးဒဏ်ခံလူထုအား တာဝန်ယူခြင်းနှင့် ရပ်ရွာလူထုနှင့် လက်တွဲဆောင်ရွက်ရေးဆိုင်ရာ အရေးကြီး အချက်အလက်များ

**ပထမဦးစွာနားထောင်ပါ၊ ဒုတိယအနေဖြင့် လုပ်ဆောင်ပါ** - အစီအစဉ်မရေးဆွဲမီနှင့် အကူအညီမပေးမီ မတူကွဲပြားသော ဘေးဒဏ်ခံလူထု (အမျိုးသမီးများ၊ ကလေးသူငယ်များ၊ အသက်အရွယ်ကြီးရင့်သူများ၊ မသန်စွမ်းသူများနှင့် တိုင်းရင်းသားလူနည်းစုများ အပါအဝင်) ထံမှ တိုက်ရိုက်လာသော လက်ငင်းလိုအပ်ချက်များ၊ ဦးစားပေးများနှင့် စွမ်းဆောင်ရည်များကို နားလည်သဘောပေါက်ရန် ဦးစားပေးလုပ်ဆောင်ပါ။ တိုင်ပင်ဆွေးနွေးရန်အတွက် လျင်မြန်ပြီး အခြေအနေနှင့်ကိုက်ညီသော နည်းလမ်းများကို အသုံးပြုပါ။

**ပွင့်လင်းမြင်သာပြီး သုံးစွဲနိုင်သော အချက်အလက်များ** - ကျွန်ုပ်တို့သည် မည်သူမည်ဝါဖြစ်သည်၊ မည်သို့သောအကူအညီများရရှိနိုင်သည်၊ မည်သူသည် အရည်အချင်းပြည့်မီသည်၊ မည်သို့ဆုံးဖြတ်ချက်များ ချမှတ်သည်နှင့် ပံ့ပိုးမှုများ မည်မျှကြာရှည်နိုင်သည် ဆိုသည်များကို ရှင်းလင်းစွာပြောဆိုပါ။ သတင်းအချက်အလက်များ လူတိုင်းထံသို့ရောက်ရှိစေရန် အထူးသဖြင့် အများဆုံးဖယ်ကျဉ်ခံ သို့မဟုတ် အပယ်ခံထားရသူများထံသို့ ရောက်ရှိစေရန် ဒေသသုံးဘာသာစကားများနှင့် များစွာသော လမ်းကြောင်းများကို အသုံးပြုပါ။

**ဘေးကင်းလုံခြုံပြီး ဂုဏ်သိက္ခာရှိသော ပူးပေါင်းပါဝင်ခြင်း**- အစီအစဉ်ရေးဆွဲခြင်းမှသည် ထိရောက်သော စောင့်ကြည့်လေ့လာခြင်းအထိ ၎င်းတို့၏ ဘဝအပေါ်သက်ရောက်မှုရှိသော ဆုံးဖြတ်ချက်များချမှတ်ရာတွင် ဘေးဒဏ်ခံလူထုကို တက်ကြွစွာပါဝင်စေပါ။ မကြာခဏဆိုသလိုမကြားရသော အသံများကို တက်ကြွစွာ ရှာဖွေဖော်ထုတ်ရာတွင် ဘေးကင်းသော၊ ဆန္ဒအလျောက်ဖြစ်သော ပူးပေါင်းပါဝင်ခြင်းဖြစ်စေပြီး ယဉ်ကျေးမှုစံနှုန်းများကို လေးစားကြောင်း သေချာပါစေ။

**တုံ့ပြန်အကြံပြုချက်နှင့် တိုင်ကြားမှုဆိုင်ရာ ယန္တရားများ** - လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခြင်းနှင့် အလွဲသုံးစားလုပ်ခြင်းတို့မှ အကာအကွယ်ပေးခြင်းကဲ့သို့ အရေးကြီးသော ပြဿနာများအပါအဝင် တိုင်ကြားချက်များတင်ပြရန်၊ အကြံပြုချက်ပေးရန်နှင့် မေးခွန်းများမေးရန်အတွက် ဘေးကင်းပြီး သုံးစွဲနိုင်သော လမ်းကြောင်းများကို တည်ဆောက်ပြီး လူသိရှင်ကြားထုတ်ပြန်ပါ။ ယန္တရားများကို တက်ကြွစွာစောင့်ကြည့်စစ်ဆေးပြီး ဘေးဒဏ်ခံလူထုအနေဖြင့် အချိန်မီ တုံ့ပြန်မှုအကူအညီများရရှိရန်နှင့် ၎င်းတို့၏ ထည့်သွင်းစဉ်းစားမှုများအပေါ် အခြေခံ၍ အရေးယူဆောင်ရွက်ရန်လည်း အရေးကြီးပါသည်။



**ထိခိုက်လွယ်မှုနှင့် သာတူညီမျှမှုအပေါ်အာရုံစိုက်ပါ** - ငလျင်နှင့် ရှိနှင့်နေပြီးသော အကြောင်းအရာများကြောင့် အကူအညီရရှိရန် အတားအဆီးများကြုံတွေ့နေရပြီး အထိခိုက်လွယ်ဆုံးဖြစ်သောသူများကို စဉ်ဆက်မပြတ် အကဲဖြတ်လေ့လာပါ။ တုံ့ပြန်မှုတစ်လျှောက် ၎င်းတို့၏ ဂုဏ်သိက္ခာနှင့် အခွင့်အရေးများကို လက်ကိုင်ထားပြီး အကူအညီများကို သမာသမတ်ကျစွာနှင့် မျှမျှတတပေးအပ်နိုင်ရန်နှင့် လိုအပ်နေသူများဆီ ရောက်ရှိစေရန် စီမံကိန်းများကို လိုက်လျောညီထွေဖြစ်အောင် ထိန်းညှိပါ။



**ပေါင်းစည်းတာဝန်ခံမှု သေချာခိုင်မာပါစေ** - အကူအညီထောက်ပံ့မှုများ ပံ့ပိုးပေးရာတွင် အကြိမ်ထပ်ခါပါဝင်နေခြင်းကို ရှောင်ကွင်းနိုင်ရန်၊ ဘေးဒဏ်ခံလူထုဆီသို့ ကျယ်ကျယ်ပြန့်ပြန့်နှင့် အချိန်မီရောက်ရှိစေခြင်းဖြင့် ကူညီထောက်ပံ့မှုများ၏ အကျိုးရှိထိရောက်မှုပိုမိုကောင်းမွန် စေရန်တို့အတွက် ဆက်စပ်နေသည့် အခြားသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီ ထောက်ပံ့နေကြသူများ၊ ဝန်ဆောင်မှုပံ့ပိုးပေးနေသူများနှင့် ချိတ်ဆက်လုပ်ဆောင်ပါ။

Accountability to Affected Populations and Community Engagement Working Group, Myanmar

ဘေးဒဏ်ခံပြည်သူများအား တာဝန်ယူခြင်း၊တာဝန်ခံခြင်းနှင့် ပြည်သူလူထုအခြေပြု လက်တွဲဆောင်ရွက်ရေးလုပ်ငန်းအဖွဲ့၊ မြန်မာ

## AAP အား လက်တွေ့အသုံးချမှုဆိုင်ရာ လမ်းညွှန်ချက်

- လူသားချင်းစာနာမှုဆိုင်ရာလုပ်ငန်းများကို လုပ်ဆောင်နေသည့် အဖွဲ့အစည်းများ၊ ဝန်ထမ်းများသည် Core Humanitarian Standard တွင် ချမှတ်ဖော်ပြထားသည့် လူသားခြင်းစာနာမှုဆိုင်ရာ စံနှုန်းများနှင့် အညီ လုပ်ဆောင်ကြရန် ကတိကဝတ်ထားရှိကြပြီး ဘေးဒဏ်သင့်လူထုများအပေါ်တွင် ခွဲခြားဆက်ဆံမှုမပြုပဲ လေးစားစွာဆက်ဆံ ကြရပါမည်။
- CHS တွင်ပါရှိသည့် အချက် နံပါတ် ၄ နှင့် ၅ တို့အရ ဘေးဒဏ်သင့်ခံလူထုများသည် အထောက် အပံ့များကို လက်ခံရယူပိုင်ခွင့်ရှိသည့်အပြင် သတင်းအချက်အလက်များ တောင်းခံရယူခွင့်၊ ၎င်းတို့နှင့် သက်ဆိုင်သည့် ဆုံးဖြတ်ချက်များချမှတ်ရာတွင် ပါဝင်ဆောင်ရွက်ပိုင်ခွင့်တို့လည်း ရရှိရမည်ဟု အတိအလင်းပြဆိုထားပါသည်။
- ကူညီထောက်ပံ့မှုများကို မည်သည့်နေရာ၊ မည့်သူ့ထံမှ၊ မည်သည့်အချိန်တွင် ရနိုင်မည်စသည့် သတင်းအချက်အလက်များကိုလည်း တောင်းခံရယူခွင့်ရှိသည်။
- ဘေးဒဏ်ခံလူထုအနေဖြင့် အကူအညီပေးသည့်အဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်၍ မည်သို့သော အကူအညီများက မိမိတို့အတွက် ထိရောက်သည်၊ မိမိတို့၏အမှန်တကယ်လိုအပ်ချက်များနှင့် ကိုက်ညီမှု ရှိ/မရှိ စသည်တို့ကို ဝေဖန်အကြံပြုတင်ပြခွင့်ရှိသည်။
- လူသားချင်းစာနာထောက်ထားမှု အကူအညီများသည် အခမဲ့ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ထိုသို့သော ကူညီထောက်ပံ့မှုများ ရရှိရေးအတွက် အခကြေးငွေတစ်စုံတစ်ရာ ပေးစရာမလိုပါ။
- အကူအညီပေးရေးလုပ်ငန်းလုပ်ဆောင်သူများသည် ဘေးဒဏ်ခံလူထုထံမှ အခကြေးငွေ၊ လက်ဆောင် တစ်စုံတစ်ရာကိုမျှ လက်ခံခြင်း/တောင်းဆိုခြင်း မရှိရပါ။
- အကူအညီပေးသည့်အဖွဲ့ သို့မဟုတ် ဝန်ထမ်းများမှ အခကြေးငွေကောက်ခံခြင်း၊ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်း၊ မခြေမငံပြောဆိုခြင်းများရှိပါက တိုင်ကြားခွင့်ရှိပါသည်။ PSEA သတင်းပေးပို့ တိုင်ကြားမှုလမ်းကြောင်းများ နှင့်/သို့မဟုတ် အဖွဲ့အစည်းအလိုက် သတ်မှတ်ထားသည့် သတင်း ပေးပို့တိုင်ကြားမှုယန္တရားများကို အတည်ပြုသတ်မှတ်ထားပြီး ဘေးဒဏ်ခံလူထုသို့ ကျယ်ကျယ် ပြန့်ပြန့် ဖြန့်ဝေထားသင့်သည်။
- အကူအညီပေးရေးတုံ့ပြန်မှုဆောင်ရွက်နေသည့် အဖွဲ့အစည်းများ သို့မဟုတ် ဝန်ထမ်းများထံမှ လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှု၊ အကူအညီအတွက် ငွေကြေးတောင်းခံမှုတစ်စုံတစ်ရာတွေ့ရှိပါက သို့မဟုတ် မလေးစားထိုက်သော အပြုအမူသဘောထားများကိုတွေ့ရှိပါက အကြံပြုတိုင်ကြားနိုင်ပါသည်။

- အထောက်အပံ့ပစ္စည်းများပံ့ပိုးမှု၊ လူသားချင်းစာနာထောက်ထားမှု လုပ်ငန်းများဆောင်ရွက်ပုံ စသည်တို့နှင့်ပတ်သက်၍ ဝေဖန်အကြံပြုနိုင်သကဲ့သို့ အထောက်အပံ့ပစ္စည်းများ ပံ့ပိုးမှုလုပ်ငန်းစဉ်တွင် ပါဝင်နေသော ဝန်ထမ်းများနှင့်ပတ်သက်၍လည်း အကြံပြုတိုင်ကြားနိုင်ပါသည်။
- ဒေသခံလူထုနှင့်ဆီလျော်သည့် ရှင်းလင်းတိကျသော ဆက်သွယ်ပြန်ကြားမှုနည်းလမ်းများကို ဖော်ထုတ်ထားရမည်ဖြစ်ပြီး ဒေသခံလူထုနှင့် မပြတ်ထိတွေ့ ဆက်သွယ်နေရပါမည်။
- မကျေနပ်ချက်ကိုဖော်ထုတ်တိုင်တန်းခြင်း/ဝေဖန်အကြံပြုချက်များပေးခြင်းတို့ကြောင့် အထောက်အပံ့ပစ္စည်း ပံ့ပိုးမှုအပေါ် မည်သို့မျှ သက်ရောက်မှုရှိမည်မဟုတ်ပါ။ ရပ်တန့်သွားမည်လည်း မဟုတ်ပါ။